# ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာနှင့် တီထွင်ဖန်တီးမှု ကဏ္ဍများအား ရာသီဥတုဆိုင်ရာဆောင်ရွက်ချက်များ၏ အလယ်ဗဟိုတွင် နေရာပေးရေး ကမ္ဘာလုံးဆိုင်ရာနှိုးဆော်ချက်

*ယခု နှိုးဆော်ချက်စီမံချက်ကို အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်အား ၂၀၂၃ စက်တင်ဘာ ၂၈ ရက်တွင် အီတလီနိုင်ငံ ဗင်းနစ်မြို့တွင် ကျင်းပသည့် ဥရောပ ယဉ်ကျေးမှုအမွေအနှစ် ထိပ်သီးဆွေးနွေးပွဲ အတွင်း ဥရောပအမွေအနှစ်အသိုက်အဝန်း၏ "လူသားမျိုးနွယ်ကြီးစိုးသည့်ခေတ်ကို ပြန်လည်ပုံဖော်ခြင်း၊ ယဉ်ကျေးမှုနှင့် အမွေအနှစ်အား ရာသီဥတု၏ ဗဟိုတွင်ထားခြင်း" ဆွေးနွေးပွဲတွင် စတင်ကြေညာခဲ့သည်။*

### ရာသီဥတုအကျပ်အတည်းကို ရင်ဆိုင်ရာတွင် တီထွင်ဆန်းသစ်သည့် ဖြေရှင်းနည်းများ ပေါ်ထွန်းလာစေမည့် ရဲတင်းသော်လည်း လိုအပ်သည့် လမ်းကြောင်း

**ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ဆွေးနွေးပွဲ (UNFCCC) နှင့် ယင်း၏ ပဲရစ်သဘောတူညီချက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံအစိုးရများအား 'ယဉ်ကျေးမှုနှင့် ရာသီဥတုဆိုင်ရာ ရွက်ဆောင်ချက်များ ပူးပေါင်းဆောင်ရွက်မှု' ဆိုင်ရာ ဆုံးဖြတ်ချက် (Joint Work Decision- JWD) ကို အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ (COP28) တွင် လက်ခံလိုက်နာကြပါရန် အောက်တွင် လက်မှတ်ရေးထိုးကြသည့် မိမိတို့က တောင်းဆိုလိုက်ပါသည်။**

**ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာနှင့် ဖန်တီးမှုကဏ္ဍများ အပါအဝင် ယဉ်ကျေးမှုကဏ္ဍအရပ်ရပ်၏ ရာသီဥတုဆိုင်ရာရွက်ဆောင်ချက်များအပေါ် ထောက်ကူပြုနိုင်စွမ်းကို အလုံးစုံ နားလည်စေမည့် တိုင်ပင်ဆွေးနွေးသည့်လုပ်ငန်းစဉ်ကို စတင်ရန် ဟူသည့် UNFCCC ၏ ကတိကဝတ်ကို အဆိုပါ ဆုံးဖြတ်ချက်က ပေါ်လွင်စေသည်။ ထိုလုပ်ငန်းစဉ်ကတစ်ဆင့် ယဉ်ကျေးမှုကဏ္ဍက ဦးဆောင်သည့် ရှိပြီးနှင့်သော ရာသီဥတုဆိုင်ရာ တုံ့ပြန်မှုများနှင့် မည်သည့်နေရာများတွင် မည်သူတို့က လုပ်ဆောင်သည်ကို စူးစမ်း လေ့လာမည်၊ ယဉ်ကျေးမှုအခြေခံ ဖြေရှင်းနည်းများအား လိုသလို ချဲ့ချဲ့အသုံးချနိုင်ရန် အကြံပြု ဝေမျှမည်၊ ထို့ပြင် ယဉ်ကျေးမှုကဏ္ဍအား အနာဂတ်တွေ့ဆုံဆွေးနွေးပွဲလုပ်ငန်းများတွင် ထိထိရောက်ရောက် ပေါင်းစပ်ပါဝင်ရန် သေချာစေမည် ဖြစ်သည်။**

ယဉ်ကျေးမှုနယ်ပယ်သည် အပြောင်းအလဲကြီးကြီးဖြစ်အောင်လုပ်နိုင်စွမ်း၌ အားလုံးထက် သာလွန်သည်။

ကမ္ဘာပေါ်ရှိ ကွဲပြားစုံလင်သည့် ယဉ်ကျေးမှုများသည် လူတိုင်းအပေါ်၊ နေရာတိုင်းအပေါ်တွင် သက်ရောက်ရာ၌ အသံပေါင်းစုံ၊ အမြင်ရှုထောင့်မျိုးစုံ၊ လက်နက်ကိရိယာမျိုးစုံအားဖြင့် ဖြန့်ကြက်ကာ အရေးတကြီးနိုင်

မှုကို တပ်လှန့်ပေးသည်၊ လက်တွေ့လုပ်ဆောင်မှုများဖြစ်လာရန် နိုးကြားစေသည်၊ ရေရှည်တည်တံ့ပြီး တရားမျှတမှုက ဦးဆောင်သော လူနေမှုဖြစ်လာရန် နှိုးဆော်နိုင်စွမ်းသည်။ ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ပါဝင်လှုပ်ရှားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ အတွေ့အကြုံများ၊ ဇာတ်ကြောင်းများနှင့် ပုံဝတ္ထုများအားဖြင့်သော်လည်းကောင်း။ တီထွင်ဆန်းသစ်သည့် ပုံရိပ်များ၊ ဖြစ်ရပ်များနှင့် ကမ်းလှမ်းမှုများအားဖြင့်သော်လည်းကောင်း (အထူးအားဖြင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးကို လေးစားခြင်းဖြင့် အားဖြည့်ခဲ့လျှင်) လက်တွေ့ရွက်ဆောင်ချက်များအဖြစ်သို့ ရောက်လာစေရန် ယဉ်ကျေးမှုကဏ္ဍက လှုံ့ဆော်နိုင်စွမ်းသည်။

ကွဲပြားစုံလင်သည့် ယဉ်ကျေးမှုတန်ဖိုးများနှင့် ဆက်ခံနားလည်ပုံနားလည်နည်း၊ ပညာရေးနှင့် ပုံဝတ္ထုပြောခြင်း၊ အနုပညာနှင့်လက်မှုအတတ်၊ ဒြပ်ရှိနှင့်ဒြပ်မဲ့အမွေအနှစ်များ နှင့် ဒီဇိုင်းနှင့်တီထွင်ဖန်တီးခြင်းတို့၏ စွမ်းအားကို သိရှိထိန်းချုပ်အသုံးချခြင်းအားဖြင့် ရာသီဥတုဆိုင်ရာနှင့် ဇီဝမျိုးကွဲများဆိုင်ရာ အကျပ်အတည်း အမွှာစုံအား ရင်ဆိုင်ရာတွင် လိုအပ်သည့် စနစ်အပြောင်းအလဲကိုဖြစ်စေမည့် အဆိုပါလုပ်ငန်းတွင် လမ်းညွှန်ပြီး လိုသလို အချိုးအချဲ့ပြုနိုင်သည်။

ဒြပ်ရှိနှင့် ဒြပ်မဲ့အမွေအနှစ်များအပြင် ရိုးရာအသိအမြင် ဗဟုသုတတို့က ခံနိုင်စွမ်းရည်ကို မြင့်မားစေသလို အဆောက်အအုံနှင့် သဘာဝ ဝန်းကျင်၊ လယ်ယာ၊ စွမ်းအင်နှင့် သက်ရှိသိုက်မြုံနှင့် လူမှုအသိုက်အဝန်း များ စောင့်ရှောက်ခြင်း အပါအဝင် ကဏ္ဍအသီးသီးအတွက် ကာလ စမ်းသပ်ခံနိုင်သည့် ကာဗွန်လျှော့ခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ရှင်သန်ပြည့်ဖြိုးစေရေး နည်းပညာနှင့် ဖြေရှင်းနည်းများကို ပေးစွမ်းနိုင်သည်။

စည်းလုံးမှု၊ ဂရုဏာနှင့် လေးစားမှု ကဲ့သို့ လူတိုင်းထားရှိအပ်သည့် လူ့တန်ဖိုးများတို့အပေါ် ခြေကုပ်စွဲမြဲလျက်၊ အနုပညာရှင်များ၊ စိတ်ကူးကောင်းသည့် တက်ကြွလှုပ်ရှားသူများ၊ ဒီဇိုင်နာများ၊ အသက်မွေးသူများနှင့် လုပ်အားကူညီသူများအပြင် ပညာရှင်များနှင့် ရှေးရိုးစဉ်လာအသိအမြင်ကြွယ်ဝသူများပါ ပါဝင်သည့် ယဉ်ကျေးမှုနှင့် အမွေအနှစ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အရပ်ဘက်အသင်းအဖွဲ့များ၊ သဘောပေါက်လက်ခံသည့် မူဝါဒချမှတ်သူများ နှင့်တကွ လူမှုအသိုင်းအဝိုင်းနှင့်ပရိသတ်တို့၏ စုပေါင်း ကြိုးပမ်းမှု တို့က လွှမ်းမိုးကြီးစိုးနေသော အယူအဆများကို ဖယ်ရှားနိုင်သည်။ ထို့အပြင် ရေရှည်ရှင်သန်တည်တံ့သည့် အနာဂတ်၊ ရုပ်ကြွင်းလောင်စာအပေါ် မှီခိုခြင်းမှ လွတ်မြောက်ခြင်း၊ ဇီဝမျိုးကွဲများ ပြန်လည် စောင့်ရှောက်ခြင်း နှင့် လူမှုတရားမျှတမှုကို ရှေ့တန်းတင်ခြင်းတို့နှင့် သက်ဆိုင်သည့် မျှော်မှန်းချက်အမြင်များနှင့် လက်တွေ့သာဓကများကို တင်ပြနိုင်သည်။

ယဉ်ကျေးမှုအခြေခံ ရာသီဥတုရွက်ဆောင်ချက်များက- သက်ရှိအားလုံး၏ တစ်ဦးပေါ်တစ်ဦး မှီခိုဆက်နွှယ်မှုကို အသိအမှတ်ပြုသည့် မူဘောင်အတွင်းမှနေ၍- အားလုံးပါဝင်သော၊ အခွင့်အရေးအခြေခံသော၊ နေရာသတ်မှတ်ထားသော၊ လိုအပ်သည့်ဘက်ကိုကြည့်သော၊ လူထုဗဟိုပြုသော မဟာဗျူဟာများ

ဖြင့် လက်ရှိ ရာသီဥတုစီမံခန့်ခွဲမှု ကွက်လပ်များကိုဖြည့်ကာ ကမ္ဘာလုံးဆိုင်ရာပြဿနာအား ဒေသအလိုက် နည်းလမ်းများဖြင့် ဖြေရှင်းခြင်းကို အားပေးသည်။

တရားဝင် ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် ငွေကြေးထောက်ပံ့မှုများတွင် ယဉ်ကျေးမှု၏ အဓိကကဏ္ဍကို လုံလုံလောက်လောက် အသားပေးမှု မရှိသော်လည်း၊ အနုပညာရပ်များနှင့် အမွေအနှစ်ကဏ္ဍမှ အသံတို့သည် ၃ မျိုးပေါင်း (အစိမ်းရောင်၊ ဒစ်ဂျစ်တယ်နှင့် လူမှု) အသွင်ပြောင်းလဲရာ လုပ်ငန်းများတွင်သော်လည်းကောင်း၊ ၁.၅ ဒီဂရီလမ်းကြောင်းနှင့် စနစ်အပြောင်းအလဲပြုရန်သို့ ရှေးရှုရာတွင်သော် လည်းကောင်း ရှေ့တန်းတွင်ရှိနေကြသည်။ အစိုးရမူဝါဒများတွင် ထည့်သွင်း အသိအမှတ်ပြုမှုကို မည်သည့်အခါကမျှ မခံခဲ့ရခြင်းကပင် ယဉ်ကျေးမှုနယ်ပယ်၏ အခရာကျသည့် အကျိုးပြုမှုနှင့် ထိုမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုရွက်ဆောင်ချက်များ၏ အကျိုးဖြစ်ထွန်းမှုကိုပါ အားနည်းစေသည်။

'ပူးတွဲဆောင်ရွက်မှု' သည် COP (အဖွဲ့ဝင်များညီလာခံ) က အသိအမှတ်ပြုထားသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ယဉ်ကျေးမှုကဏ္ဍနှင့် ရာသီဥတုဆိုင်ရာ ရွက်ဆောင်ချက်များ အချင်းချင်း ထိတွေ့ဖြတ်သန်းရာမှ အကယ်၍ အကျပ်အတည်းကျ၊ ခြားနားကွာဟသော အခြေအနေ တစ်ခုခု ပေါ်ပေါက်ခဲ့လျှင် ညီလာခံမှ တစ်ဆင့် UNFCCC ရုံးအဖွဲ့နှင့် ယင်း၏ ထောက်ကူပြုအဖွဲ့များအား ပူးပေါင်း ဖြေရှင်းကြရန် တောင်းဆိုနိုင်သည်။ နောက်တကြိမ်ညီလာခံတွင် အဓိကလုပ်ငန်း အစီအစဉ်များအတွင်း ရာသီဥတု မူဝါဒ၊ စီမံရေးဆွဲရေးနှင့် ရွက်ဆောင်ချက်တို့၏ အလယ်ဗဟိုတွင် ယဉ်ကျေးမှုနှင့် အမွေအနှစ်အား မဖြစ်မနေ ထည့်သွင်းဆွေးနွေးရန် လမ်းပွင့်သွားမည် ဖြစ်သည်။

ရာသီဥတု ရွက်ဆောင်ချက်များ အသွင်ပြောင်းလွဲ ပေါ်ပေါက်စေသည့် လူမှုရေး-ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများကို သတိထားမိလာရန်နှင့် သက်ရောက်မှု ပိုမိုကောင်းမွန်သည့် ထိခိုက်မှုသက်သာရေးနှင့် လက်ခံ ပြောင်းလဲပြုပြင်ရေးကို ထောက်ကူပြုရန်အတွက် အဆိုပါ အနာဂတ်လုပ်ငန်း အစီအစဉ်များက အားကောင်းစေသည်။ တစ်ချိန်တည်းမှာပင် ပြီးခဲ့သည့်နှစ် ရှမ်မယ်လ်ရှိခ် တွင် ကျင်းပခဲ့သည့် COP27 အတွင်း အတည်ပြု လက်ခံခဲ့သည့် ယဉ်ကျေးမှုနှင့် အမွေအနှစ်များ 'ဆုံးရှုံးခြင်းနှင့် ပျက်စီးခြင်း' ဆိုင်ရာ အရေးပါသည့် ပြဿနာများကိုလည်း ရင်ဆိုင်ဖြေရှင်းမည်ဖြစ်သည်။ အနည်းဆုံး ရာသီဥတုဒဏ် ကြံ့ခိုင်ပြီး ရေရှည်ရှင်သန်သည့်ဖွံ့ဖြိုးရေး၏ ဗဟိုတွင် ယဉ်ကျေးမှုအား ထားရှိစေရေး ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းချက်ကို ထောက်ကူပြုမည် ဖြစ်သည်။

ယဉ်ကျေးမှုကဏ္ဍ၏ အသံများအား နိုင်ငံတကာ ရာသီဥတုဆိုင်ရာ မူဝါဒများတွင် ထည့်သွင်းခြင်းအားဖြင့် ရာသီဥတု အကျပ်အတည်းအတွက် ချုံ့ချဲ့နိုင်သည့် ဖြေရှင်းနည်းများကို ဖော်ဆောင်မည့် ရပ်ရွာဦးဆောင် အမွေအနှစ်၊ အနုပညာမြောက်ပြီး တီထွင်ဆန်းသစ်သည့် နည်းလမ်းများအား အားပေး တိုးမြှင့်စေမည် ဖြစ်သည်။ ထို့အပြင် အမိကမ္ဘာကြီးအား ရှေးကတည်းက စောင့်ရှောက်လာခဲ့သည့် ယဉ်ကျေးမှုပိုင်ရှင် တိုင်းရင်းသားလူမျိုးစုများ၏ အလုပ်ကို ပိုမိုထောက်ကူဖြစ်စေမည်။ **ထို့ပြင်မက ကြွယ်ဝစုံလင်သော ကမ္ဘာ**

**အနှံ့မှ ယဉ်ကျေးမှုအသိုက်အဝန်းအား ရှင်းလင်းပြတ်သားပြီး ညီညွတ်သည့် အသံ တစ်သံတည်း ထွက်စေခြင်းအားဖြင့်** UNFCCC ၏ အရေးကြီးသည့် လုပ်ငန်းအား ထောက်ခံကူညီရန်အတွက် ယဉ်ကျေးမှု၊ အမွေအနှစ်၊ အနုပညာနှင့် ဖန်တီးမှုဆိုင်ရာ တက်ကြွလှုပ်ရှားသူများ၊ အရပ်ဘက် အသင်းအဖွဲ့များ၊ အဖွဲ့အစည်းကြီးများနှင့် အဆင့်အသီးသီးမှ လူထုလူတန်းစားများ အားလုံးပါဝင်သည့် ကမ္ဘာလုံး ဆိုင်ရာ ကွန်ရက်အားလှုံ့ဆော်ပေးခြင်းဖြစ်စေသည်။

ရာသီဥတုဖောက်ပြန်မှုကို ရင်ဆိုင်ရန်၊ ကာဗွန်လျှော့၊ ရာသီဥတုဒဏ်ခံပြီး တရားမျှတသည့် အနာဂတ်ကို လူအများက မျှော်မှန်းပုံဖော်ပြီး လက်တွေ့ဖော်ဆောင်နိုင်အောင် ကူညီရာတွင် မိမိတို့အားလုံး - အနုပညာမှသည် အမွေအနှစ်အထိ - ယဉ်ကျေးမှု၏ ပြောင်းလဲပစ်နိုင်စွမ်းအားကို ဖော်ထုတ်ရမည်။

*ပိုမိုထိရောက်ပြီး ပိုမိုမျှတသည့် ရာသီဥတုရှက်ဆောင်ချက်တွင် ယဉ်ကျေးမှုကဏ္ဍသည် မရှိမဖြစ် လိုအပ်သည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြုမည့်လမ်းကြောင်းပေါ်သို့ ကမ္ဘာကြီးအားပို့ဆောင်မည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆုံးဖြတ်ချက်ကို လက်ခံလိုက်နာပေးပါရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာညီလာခံသို့ တက်ရောက်လာမည့် ကိုယ်စားလှယ်များအား တောင်းဆိုမှု၌ အောက်တွင် လက်မှတ်ရေးထိုးထားသူ မိမိတို့အားလုံးက ပူးပေါင်းပါဝင်ပါသည်။*

_______________ (လက်မှတ်)

\- ပြီး -